# ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ( ၁၆-၂-၂၀၂၃ မှ ၂၃-၂-၂၀၂၃ ) အတွင်း ကြက်သွန်နီ ကြက်သွန်ဖြူ အရောင်း အဝယ်ဖြစ်မှု အခြေအနေ

## ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သားမြို့ နှင့် ဆိပ်ဖြူမြို့ တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ မြစ်သားရှယ်(သစ်) ကျပ် ၁၂၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၁၅၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၁၆၀၀ ၊ မြစ်သားလတ်ချော ကျပ် ၁၃၀၀ ၊ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၁၀၀၀ ၊ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၀၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်သားရှယ်(သစ်) ကျပ် ၃၀၀၊ မြစ်သားလတ်ကြီး ကျပ် ၁၀၀၊ မြစ်သားလတ်သန့် ကျပ် ၅၀ ၊မြစ်သားလတ်ချော ကျပ်၁၅၀၊ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၂၅၀ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၅၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၃၀ (၁၃၈၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၈၅ ( ၁၁၁၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၄၅ စီး(၂၇၀၀၀၀ပိဿာ) လျော့နည်း ဝင် ရောက်ခဲ့ကြောင်း သိရသည်။

## ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၃၇၅၀၊ အောင်ပန်းထူး-၂ ကျပ် ၄၆၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၅၃၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၅၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀၊အောင်ပန်း ထူး-၂ ကျပ် ၄၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၂၇၅၀(၈၂၅၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၇၅၀ ( ၅၂၅၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၀၀၀ ( ၃၀၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

SWTun (Domestic(Ygn) MITC